
စိတ်ကူးချိုချိုအနုပညာ

# တရုတ်ရှေးဟောင်း ဒဏ္ဍာရီပုံပြင်များ

# Ancient Chinese fables

ဘဘသက်

(မြန်မာပြန်)




mgyoe.com

mgyoe.com

# တရုတ်ရှေးဟောင်း
# ဒဏ္ဍာရီပုံပြင်များ
## Ancient Chinese fables

ဘဘသက်
(မြန်မာပြန်)



BBT0009
1,500.00 KS

mgyoe.com

တရုတ်ရှေးဟောင်းဒဏ္ဍာရီပုံပြင်များ။ ဘာဘာသက်
စာမျက်နှာ ၁၀၅+ မျက်နှာ၊ ၁၄ • ၅ စင်တီ× ၂၁ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၈၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိပ်လမ်း၊ ရန်ကင်း၊
၂၀၁၈၊ ဖေဖော်ဝါရီလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၁၅၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# တရုတ်ရှေးဟောင်း ဒဏ္ဍာရီပုံပြင်များ

# ANCIENT CHINESE FABLES

## ဘဘသက်

(မြန်မာပြန်)

ပထမအကြိမ်၊ ၂၀၁၇

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ

| | | |
|---|---|---|
| ၁။ | စာကလေးနှင့် ငှက်ကြီးဧရာ | ၁ |
| ၂။ | အသားပပ် အက်ကွဲတဲ့ သူတွေအတွက် လိမ်းဆေး | ၃ |
| ၃။ | အစားအသောက်၊ အနေအထိုင်၊ အလေ့အကျင့် | ၅ |
| ၄။ | ချောမောလှပခြင်းနဲ့ အကျည်းတန်ခြင်း | ၇ |
| ၅။ | နဂါး၊ နဂါး... ရှာမှရှား | ၉ |
| ၆။ | သိုးကျောင်းသားနှစ်ဦး သိုးပျောက်ရခြင်းအကြောင်း | ၁၀ |
| ၇။ | ရေတွင်းငယ်ထဲက ဖားသူငယ် | ၁၁ |
| ၈။ | နွားခြေရာခွက်ထဲက ငါးကြင်း | ၁၃ |
| ၉။ | သစ်ကြားသီးသုံးလုံးလား၊ လေးလုံးလား | ၁၅ |
| ၁၀။ | သံသယ | ၁၇ |
| ၁၁။ | သစ်ခြောက်ပင်ကို ခုတ်လှဲခြင်း | ၁၈ |
| ၁၂။ | တစ်နေ့တစ်လံ တောင်တွေ ဘယ်ပြေးမလဲ | ၁၉ |
| ၁၃။ | လေထဲမှာ တိုက်အိမ်ဆောက်သူ | ၂၂ |
| ၁၄။ | ရွှေကလွဲလို့ ဘာကိုမှမမြင် | ၂၃ |
| ၁၅။ | ချိုးငှက်များ လက်ဆောင်ပေးခြင်း | ၂၄ |
| ၁၆။ | လမ်းတွေက အများကြီး | ၂၆ |
| ၁၇။ | မင်းသားနဲ့ သူ့ရဲ့လေး (လေးမြား) | ၂၉ |
| ၁၈။ | ပုံဆွဲရအလွယ်ဆုံး | ၃၁ |

mgyoe.com

mgyoe.com


၁၉။ ဆင်စွယ်သွားကြားထိုးသံ ၃၂
၂၀။ ခွေးကြောင့် မရောင်းရတဲ့ဝိုင် ၃၄
၂၁။ တန်ဆန်း ဝက်ကို ဘာ့ကြောင့်သတ်ရသလဲ ၃၆
၂၂။ လုံနဲ့ဒိုင်းကို ရောင်းတဲ့သူ ၃၈
၂၃။ ပြိုကျသွားတဲ့ အုတ်တံတိုင်း ၃၉
၂၄။ မသေဆေးဖော်တဲ့သူ ၄၀
၂၅။ နောက်ထပ်ယုန်တစ်ကောင် မျှော်တဲ့သူ ၄၁
၂၆။ ဖိနပ်တစ်ရန်ဝယ်ယူခြင်း ၄၃
၂၇။ ပုလဲရောင်း ကျွမ်းကျင်သူကြီး ၄၄
၂၈။ ရေမြွေများ အသိုက်ပြောင်းပုံ ၄၅
၂၉။ ကောင်းလိုက်တဲ့ လေးနဲ့မြား ၄၇
၃၀။ ဘဝင်မြင့်တဲ့ ရထားမောင်းသမား ၄၈
၃၁။ နဂါးချစ်တဲ့ ဘုရင်ကြီး ၅၀
၃၂။ ကြက်သူခိုး ၅၂
၃၃။ ပျိုးပင်လေးတွေ ကြီးပြင်းလာအောင် ဘယ်လိုလုပ်ရမလဲ ၅၄
၃၄။ ကျားထိုးသင်ခြင်း ၅၆
၃၅။ စနိုက်ငှက်နဲ့ ယောက်သွား ၅၈
၃၆။ ကျားရဲ့အင်အားကြီးမှုကို အမြတ်ထုတ်သွားတဲ့
ငစဉ်းလဲမြေခွေး ၆၀
၃၇။ တန်ဆန်နဲ့ပတ်သက်တဲ့ ကောလာဟလ ၆၂
၃၈။ လမ်းမှားကိုလိုက်တဲ့သူ ၆၄
၃၉။ မြွေကို ခြေထောက်တပ်ပေးတဲ့သူ ၆၇
၄၀။ ရေနံဆီမဝယ်နိုင်တဲ့ မိန်းကလေး ၆၉
၄၁။ ဘယ်သူက ပိုချောသလဲ ၇၁
၄၂။ မြင်းကောင်းတစ်ကောင် ဝယ်ယူခြင်း ၇၃
၄၃။ ရွှံ့ရုပ်နဲ့ သစ်သားရုပ်တို့အကြောင်း ၇၆
၄၄။ လေ့နံ့ဓားထစ်ဆရာကြီး ၇၉
၄၅။ ခေါင်းလောင်းခိုးတဲ့သူ ၈၀


mgyoe.com

mgyoe.com

၄၆။ ရေကူးချန်ပီယံရဲ့သား ၈၁
၄၇။ အမေ့ကို သိပ်ချစ်တဲ့သူ ၈၃
၄၈။ ခြေမသန်သူနဲ့ မျက်စိမမြင်သူ ၈၄
၄၉။ ဂုဏ်ပြုထိုက်သူ ၈၅
၅၀။ အိမ်ပြောင်းတဲ့ဖိနပ်ကွက် ၈၈
၅၁။ ဥပမာ၊ ဥပမေယျစကားများရဲ့ အသုံးဝင်ပုံ ၉၀
၅၂။ ဖယောင်းတိုင်အလင်းရဲ့အစွမ်းသတ္တိ ၉၂
၅၃။ ပုစဉ်းရင်ကွဲ၊ ဓားခုတ်ကောင်နဲ့ စာကလေးတို့ရဲ့ပုံပြင် ၉၄
၅၄။ ငါးယောင်ဆောင်မိတဲ့ နဂါး ၉၆
၅၅။ သံချပ်ကာအင်္ကျီက အဆိုးဆုံးပါ ၉၇
၅၆။ သားမွေးအင်္ကျီပြောင်းပြန်ဝတ်တဲ့သူ ၉၉
၅၇။ လေးရဲ့ပုံရိပ် ၁၀၀
၅၈။ ဦးခေါင်းဖြူနေတဲ့ဝက် ၁၀၂
၅၉။ မြင့်မြတ်တဲ့ငါးရှဉ့် ၁၀၄

❑

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com



## စာကလေးနှင့် ငှက်ကြီးရော

ကလေးတို့ရေ... ဟိုးရှေးရှေးတုန်းက ရောမငှက်ကြီးတစ်ကောင် ရှိသတဲ့ကွယ်။ ဘယ်လောက်တောင် ကြီးတဲ့ငှက်ကြီးလဲဆိုရင် သူ့ကျော ကုန်းဟာ ရိုးမတောင်ကြီးအလားရှိပြီး တိမ်တောင်တိမ်လိပ်တွေလို အတောင် ကြီးကလည်း အထက်ကောင်းကင်ယံကိုတောင် ဖုံးအုပ်ခမန်းပါပဲတဲ့။ အဲဒီ ငှက်ကြီးရော လေထဲကို တောင်ပံခတ်ပြီး ပျံလိုက်ပြီဆိုရင် လေပွေလေဝဲကြီး တွေ ဖြစ်ပေါ်လာပါသတဲ့ကွယ်။ မိုးပြာရောင် ကောင်းကင်အောက်က မြူခိုးမြူငွေ့တွေကြား ငှက်ကြီးရော ပျံလိုက်ပြီဆိုရင် ခရီးမိုင် ၉၀,၀၀၀ လောက် အသာလေး ပေါက်သတဲ့ကွယ်။ တစ်ခါမှာဆိုရင် ငှက်ကြီးရော ပျံသွားလိုက်တာ တောင်ဘက်ပိုင်းပင်လယ်အထိ ရောက်သွားသတဲ့ကွယ်။

အဲဒီလို ငှက်ကြီးရော ပျံသွားတာကိုတွေ့တော့ စာငှက်ကလေးက ဒီလိုဆိုသတဲ့ကွယ်။ လှောင်ရယ်ရယ်ရင်းနဲ့ ပြောလိုက်တာပါတဲ့။

"ဟာ...ဟာ... ဟ ဘယ်တွေကိုများ ပျံ သွားမှာပါလိမ့်။ ငါဆိုရင် ဘောက်ဆွ၊ ဘောက် ဆွနဲ့ ဟိုဟိုဒီဒီသွား၊ ပြီးရင် ချုံပုတ်ထဲမှာ ဝင်ပြီးနား၊ ဓိမ်ကိုတွေ့လို့၊ ဘယ်လိုမှ အဝေးကြီး သွားစရာမလိုပေါင်" လို့ မြည်ကြွေးလိုက်သတဲ့။



mgyoe.com

ကဲ... ကလေးတို့ စဉ်းစားမိပြီနော်၊ ငှက်ကြီးရော(အကြီး) နဲ့ စာကလေး(အသေး)တို့ရဲ့ ဘဝအပေါ်အမြင်။

ချောင်ဝ

mgyoe.com

mgyoe.com


## အသားပပ် အက်ကွဲတဲ့ သူတွေအတွက် လိမ်းဆေး

ဆွန်မင်းဆက်ခေတ်က ဖြစ်ပါတယ်။ အဝတ်လျှော်တဲ့ ခဝါသည် အလုပ်နဲ့ အသက်မွေးတဲ့ မိသားစုတစ်စုရှိပါသတဲ့။ အဝတ်လျှော်ရတဲ့ အလုပ်ဆိုတာ ရေတွေ မပြတ်ကိုင်ရတော့ အသားတွေပပ်ပြီး အက်ကွဲရပါသတဲ့။ အဲဒီလို ရေအေးတွေကိုင်ရလို့ အသားပပ်ပြီး အက်ကွဲတာကို ကာကွယ်ဖို့ လိမ်းဆေးတစ်မျိုး သူတို့ ထွင်လိုက်ကြပါသတဲ့။

အဝတ်တွေ အများကြီးလျှော်ရလို့ အသားပပ်ပြီး အက်ကွဲလာ ရင် အဲဒီလိမ်းဆေး လိမ်းလိုက်ရင် သက်သာရာရပါသာတဲ့။ ပင်မင်းခဝါသည် မိသားစုမှာ ဒီလိုလိမ်းဆေးထွင်ထားတာကိုသိတဲ့ လူတစ်ဦးက အဲဒီဆေး ဖော်နည်းလမ်းကို ရွှေစ ၁၀၀ ပေးပြီး ဝယ်ပါ့မယ်လို့ ကမ်းလှမ်းပါသတဲ့။

မိသားစုက ရောင်းသင့် မရောင်းသင့် ဆွေးနွေးကြပါသတဲ့။ "တို့... ဒီခဝါသည်အလုပ်နဲ့ အသက်မွေးလာတာ မျိုးဆက်တွေအများကြီးရှိခဲ့ပြီ။ ရွှေစလေး တစ်စနှစ်စထက် ပိုမရခဲ့ဘူး။ ဒီနေ့မှာတော့ တို့ ထွင်လိုက်တဲ့ လိမ်းဆေးအတွက် လူတစ်ယောက်က ရွှေစ ၁၀၀ လာပေးနေပြီ။ ရောင်းသင့်ပြီပေါ့ကွာ" လို့ ဆုံးဖြတ်လိုက်ကြပါသတဲ့။

သိပ်မကြာခင်မှာ ယူနိုင်ငံက ဂူနိုင်ငံကို ကျူးကျော်ရန်ပြုလာပါ သတဲ့။ ဂူနိုင်ငံပြည့်ရှင်မင်းသားကို အသားပပ်အက်ကွဲတဲ့ဆေးနည်း ဝယ်

mgyoe.com

mgyoe.com

ထားတဲ့ ပုဂ္ဂိုလ်က သူ့ဆေးနဲ့တကွ ဆေးနည်းကိုပါ လက်ဆောင်ပဏ္ဏာ အဖြစ် ဆက်သလိုက်ပါသတဲ့။ ဂူနိုင်ငံပြည့်ရှင်မင်းသားက သူ့ကို ဆေးနည်း ဆက်သတဲ့ပုဂ္ဂိုလ်ကို စစ်သူကြီးအဖြစ် ခန့်အပ်လိုက်ပါသတဲ့။

ဂူပြည့်ရှင်မင်းသားရဲ့ စစ်တပ်တွေနဲ့ ယူနိုင်ငံက စစ်တပ်တွေဟာ အင်မတန်အေးချမ်းလှတဲ့ ဆောင်းတွင်းကာလအထိ တိုက်ကြခိုက်ကြတုန်းပဲတဲ့။ ဆောင်းတွင်းက အေးလွန်းတော့ နှစ်ဖက်တပ်သားတွေဟာ အသားပပ်တို့၊ အသားအက်ကွဲတာတို့ ဖြစ်ကုန်ကြရပါသတဲ့။ ဒါပေမဲ့ ဂူပြည့်ရှင်မင်းသားရဲ့ စစ်တပ်တွေဟာ အသားပပ်၊ အသားယောင် ကာကွယ်ဆေးတွေ လိမ်းထားတော့ ယူနိုင်ငံ စစ်သည်တွေလိုမဟုတ်ဘဲ စစ်မြေပြင်မှာ ကောင်းကောင်းကြီး တိုက်ခိုက်နိုင်ကြပါသတဲ့။ ယူနိုင်ငံက တပ်သားတွေ အကုန်ထွက်ပြေးကြရရော ဆိုပါတော့ကွယ်။

အသားလောင်၊ အသားပပ် သက်သာအောင်၊ အကာအကွယ်ဖြစ်အောင် လိမ်းတဲ့ဆေးလှူတဲ့ပုဂ္ဂိုလ်ကိုလည်း စစ်သူကြီးအဖြစ်သာမက နယ်မြေတစ်ခုကိုပါ ခွဲပေးကာ နယ်စားပယ်စားအဖြစ် ရာထူးတိုးမြှင့်ပေးပါသတဲ့။

အသားလောင်၊ အသားပပ်ကာကွယ်ဆေးကို အဝတ်လျှော်တဲ့ ခဝါသည်တွေလည်း သုံးတာပဲ၊ နယ်စားဖြစ်သွားတဲ့ ပုဂ္ဂိုလ်လည်း သုံးတာပဲ။ သုံးတဲ့သူအပေါ်မူတည်ပြီး အကျိုးရလဒ်ကလည်း ကွာခြားသွားတာပေါ့ကွယ်။


ချောင်ဇု

mgyoe.com

mgyoe.com


## အစားအသောက်၊ အနေအထိုင်၊ အလေ့အကျင့်

တစ်နေ့မှာ လူမြို့တော်ရဲ့ ဆင်ခြေဖုံးတစ်နေရာကို ပင်လယ် စင်ရော် တစ်ကောင် မျက်စိလည်လမ်းမှားပြီး ဆင်းသက်လာမိပါသတဲ့။ အဲဒီ ဆင်ခြေဖုံးမှာနေထိုင်တဲ့ လူမြို့စားကြီးက အဲဒီစင်ရော်ကို သူ့စံအိမ်ထဲကို ခေါ်သွားပြီး ကျကျနန ကျွေးမွေးပြုစုပါသတဲ့။ သူစားနေကျ ကောင်းပေ့ ညွန့်ပေ့ဆိုတဲ့ အစာတွေကျွေး၊ ဂီတသံတွေနဲ့ ဖျော်ဖြေ၊ ယိမ်းသမတွေနဲ့ ကပြ... စသည်ဖြင့်ပေါ့ကွယ်။



mgyoe.com

mgyoe.com

ဒါပေမဲ့ ပင်လယ်ပျော်စင်ရော်ဟာ မှိုင်တွေတွေ မရွှင်မပျနဲ့ မလန်းဘူးတဲ့ကွယ်။ ဘယ်လောက်အထိ အခြေအနေဆိုးလာသလဲဆို အသားလေးတစ်တုံးတောင် မမျိုနိုင်တော့ဘူးတဲ့။ ဝိုင်လေးတစ်ခွက်တောင် မသောက်နိုင်တော့ဘူးတဲ့။ သုံးရက်လည်းကြာရော သေသွားပါရော။

ကလေးတို့ရေ... ပင်လယ်စင်ရော်ဆိုတာက ငါးလေးတွေကို သုတ်ခနဲ အရှင်ဖမ်းစားလိုက်၊ ပင်လယ်လေရှူလိုက်နဲ့နေတာလေ။ စားမြိန်ခဲဖွယ်၊ ကြက်ဝက်အသားနဲ့ ဝိုင်ဖြူဝိုင်နီဆိုတာတွေကို မှီဝဲသုံးဆောင်တာမှမဟုတ်ဘဲ။ သေရှာတာပေါ့ကွယ်။

ချောင်ဒု

mgyoe.com

mgyoe.com


# ချောမောလှပခြင်းနဲ့ အကျည်းတန်ခြင်း



ရုပ်ရည်ချောမောလှပတဲ့ ဆီရှီဆိုတဲ့ မိန်းမပျို တစ်ဦးဟာ ချစ်သူက စွန့်ပစ်သွားလို့ အသည်းကွဲ ဝေဒနာရပြီး အပူရုပ်ကို ဟန်လုပ်နေရရှာသတဲ့။ ဆီရှီလေး အသည်းကွဲဝေဒနာ ခံစားနေရတာကို အိမ်နီးနားချင်းတွေက ဝိုင်းသနားနေကြပါသတဲ့။ မျက်မှောင်လေးကုတ်၊ ရုပ်ရည်မရွှင်မပျနဲ့ ရင်ဘတ်ပေါ် လက်ဖိကာ ခံစားနေရရှာတဲ့ မိန်းမချောလေးကို တစ်ရပ်ကွက်လုံး ဝိုင်းသနားနေကြတာပေါ့ကွယ်။

အဲဒီရွာမှာပဲ ရုပ်ဆိုးတဲ့ မိန်းမပျို တစ်ဦးနေထိုင်ပါသတဲ့။ ဆီရှီလေး တမှိုင်မှိုင် တတွေတွေနဲ့ မရွှင်မပျဖြစ်နေတာကို အိမ်နီးနားချင်းတွေက ဝိုင်းသနားနေတာကိုတွေ့တော့ အကျည်းတန်မလေးဟာလည်း ဆီရှီလိုပဲ မှိုင်တွေတွေနဲ့ ရင်ဘတ်ပေါ်လက်တင်ကာ မျက်နှာညှိုးပြပါသတဲ့။

mgyoe.com

ဒါပေမဲ့ ဆီရှိုနဲ့သူမ ကွာတာက ဆီရှိုရဲ့ ပူပုံပန်းရုပ်ကို ဝိုင်းသနားကြ
ပေမဲ့ အကျည်းတန်မလေးကိုတော့ သူတို့အိမ်ရှေ့ဖြတ်သွားရင်တောင် မြင်
ရမှာစိုးလို့ ပြတင်းတွေ၊ တံခါးတွေ ပိတ်ထားပါသတဲ့။

ဩော်... အကျည်းတန်မလေးရယ်၊ အတုခိုးမှားလေခြင်း။ ဆီရှိုလို
ချောမော လှပတဲ့သူကိုသာ ကရုဏာသက်ကြမှာ ပေါ့ကွဲ့။ နဂိုချောတဲ့သူမှ
မှိုင်တိုင်တိုင် အသည်းကွဲလည်း ကြည့်လို့ကောင်းမှာ ပေါ့ကွဲ့။

ချောင်ဇ

mgyoe.com

mgyoe.com



# နဂါး၊ နဂါး... ရှာမှရှား

ပန်းပုဆရာဖြစ်ချင်တဲ့ ချူပှာ နဂါးရုပ် ဘယ်လိုထုရမလဲ၊ မြို့တော်ကို တက်လာပါသတဲ့။ သုံးနှစ်ကြာ ပညာသင်ကြားပြီး ငွေတွေလည်း တော်တော်ကုန်ပါသတဲ့။ ပန်းပုရုပ် ဘယ်လိုထုရမလဲ ပညာသင်ရတာကိုး။ အချိန်လည်းကုန်၊ ပိုက်ဆံလည်းကုန်နဲ့ ပန်းပု ဘယ်လိုထုရမလဲ သင်ခဲ့ရတာကိုး။

သူ့နေရင်းကို ပြန်ရောက်တော့ ချူတစ်ယောက် အချိန်ကုန်ခံ၊ ငွေကုန်ခံရှာလာရတဲ့ ပညာကို ဘယ်လိုမှ အသုံးချလို့မရဘူးတဲ့။ ဘာဖြစ်လို့လဲဆိုတော့ သူ စံထားပြီး ထုစရာ နဂါးရယ်လို့ သက်ရှိထင်ရှားနဲ့ အကောင်လိုက် လူ့ပြည်မှာ ဘယ်မှမရှိတာကိုး။

ချောင်ဇု

mgyoe.com

mgyoe.com




## သိုးကျောင်းသားနှစ်ဦး သိုးပျောက်ရခြင်းအကြောင်း

ကူနဲ့ တန်ဆိုတဲ့ သိုးကျောင်းသားနှစ်ဦး ရှိပါသတဲ့။ တစ်နေ့မှာ သူတို့နှစ်ဦး သိုးကျောင်းသွားကြရင်း သိုးတွေ ပျောက်ကုန်ရစ်ခဲ့ပါသတဲ့။

သိုးကျောင်းသား ကူကို သိုးပိုင်ရှင်က ဘာ့ကြောင့် သိုးတွေပျောက်ရသလဲမေးတော့ ကူက စာဖတ်နေမိလို့ သိုးတွေ ပျောက်ရတာပါလို့ ဖြေသတဲ့။

သိုးကျောင်းသား တန်ကို ပိုင်ရှင်ကမေးတော့ တန်က သူ ကျား ထိုးနေလို့ သိုးပျောက်ရတာပါလို့ ဖြေသတဲ့။

သိုးပျောက်ရတာချင်းတူပေမဲ့ သိုးပျောက်ရတဲ့ အကြောင်းရင်းက တော့ မတူဘူးပေါ့ကွယ်။

ချောင်ငုံ

mgyoe.com

mgyoe.com



# ရေတွင်းငယ်ထဲက ဖားသူငယ်

ရေတွင်းခပ်တိမ်တိမ် ခပ်ငယ်ငယ်တစ်ခုထဲမှာ ဖားသူငယ်တစ်ကောင် နေပါသတဲ့။ သူက ပင်လယ်လိပ်ကြီးကို အခုလိုကြွားလိုက်သတဲ့ကွယ်။

"ဗျို့ ကိုရွှေလိပ်... ကိုရွှေလိပ်...၊ ကျုပ် ဒီမှာ ဘယ်လောက်ဟန်ကျတယ်ထင်သလဲ။ အပြင်ထွက်ချင်ရင် ရေတွင်းပေါင်ကို ခြေတစ်ပေါင်ကျိုးနဲ့ တွယ်တက်၊ ပြန်ဆင်းချင်ရင် ရေတွင်းပေါင်အက်ရာအတိုင်း ပြန်တွယ်ဆင်း၊ ရေစိမ်ချင်ရင် တစ်ကိုယ်လုံး ရေထဲမြှုပ်၊ ခေါင်းလေးဖော်ပြီး ဟိုဒီကြည့်။ အရသာရှိလိုက်ပါဘိ။ ဒီထက်ဖိမ်ကျချင်ရင် ရွှံ့ပျော့ပျော့ထဲ လက်ထောက်ပြီး လမ်းလျှောက်။ ကဏန်းတွေ၊ ဖားလောင်းတွေဆို ကျုပ်ကိုယှဉ်ရဲသူမရှိ။ ဒီရေပြင်၊ ဒီရေတွင်းရဲ့ အရှင်သခင် ကျုပ်သာလျှင် အခြားသူ မရှိ"လို့ ဝါကြွားဟစ်ကြွေးလိုက်ပါသတဲ့။


ပြီးတော့ "ကျုပ် ရေတွင်းထဲ လာလည်ပါဦး ကိုရွှေလိပ်ကြီးရာ" လို့ ဖိတ်ခေါ်လိုက်ပါသတဲ့။

ကိုရွှေလိပ်ကြီးလည်း ကြည်နူးပြုံးပျော်စွာနဲ့ ဖားသူငယ်ရဲ့ ရေတွင်းထဲ လိုက်လည်ပါသတဲ့။

ဘယ်ခြေတစ်ဖက်ချပြီး ညာခြေမှ မချရသေးခင် ရေတွင်းအောက်

mgyoe.com

mgyoe.com



ခြေကို ထောက်မိသွားပါသတဲ့။ ဒီမှာတင် ကိုရွှေလိပ်ကြီးက ဖားသူငယ်ကို သူကျင်လည်ပျော်ပါးရာ ပင်လယ်သမုဒ္ဒရာကြီးအကြောင်း ရှင်းပြလိုက်ရပါတော့တယ်တဲ့။

"ကဲ... ဖားသူငယ်လေးရေ...၊ ငါနေတဲ့ ပင်လယ်သမုဒ္ဒရာကြီးဆိုတာ မိုင်ပေါင်းများစွာ ကျယ်ပြန့်သကွဲ့၊ မိုင်ပေါင်းများစွာ နက်ရှိုင်းသကွဲ့။ ၁၀ နှစ်မှာ ကိုးနှစ် ရေကြီးရေလျှံတာဖြစ်တောင် ပင်လယ်သမုဒ္ဒရာကြီးရဲ့ အနက်အရှိုင်းဟာ ဒီအတိုင်း ဒီအတိုင်းပဲကွဲ့။ ရှစ်နှစ်မှာ ခုနစ်နှစ်လောက် မိုးခေါင်တာတောင် ပင်လယ်ကြီးရဲ့ အနက်အရှိုင်းဟာ ဒီအတိုင်း ဒီအတိုင်းပဲကွဲ့။ နှစ်ပေါင်းဘယ်လောက်ကြာကြာ ပင်လယ်ကြီးရဲ့အကျယ်ဟာ ဒီအတိုင်း ဒီအတိုင်း၊ ပင်လယ်ကြီးရဲ့အနက်ဟာ ဒီအတိုင်း ဒီအတိုင်းပဲကွဲ့" လို့ ပြန် ပြောလိုက်ပါသတဲ့။

"ဒါ့ကြောင့် အဲဒီပင်လယ်ကြီးမှာ ငါပျော်နေတာ ကိုယ့်လူရေ" လို့လည်း ပင်လယ်လိပ်ကြီးက နိဂုံးစကား ဆိုလိုက်ပါသတဲ့။

ပင်လယ်လိပ်ကြီးရဲ့ အဲဒီစကားကြားလိုက်ရင်တော့ ဖားသူငယ်ခမျာ ပါးစပ်ပိတ် နှုတ်ဆိတ်သွားရှာပါသတဲ့။ ရှက်လည်း ရှက်သွားမိပါသတဲ့ ကလေးတို့ရေ။

ချောင်ဒုံ

mgyoe.com

mgyoe.com


## နွားခြေရာခွက်ထဲက ငါးကြင်း

ချောင်ဇုဟာ ဆန်ဝယ်စရာ ပိုက်ဆံတစ်ပြားမှ မရှိတော့လို့ မြေရှင်ကြီးထံ ပိုက်ဆံသွားချေးသတဲ့ကွယ်။

မြေရှင်ကြီးက ချောင်ဇုကို "နေဦး ငါ့လူရ၊ ခဏနေရင် ငါ အငှားချထားတဲ့ လယ်သမားတွေ လယ်ခွန်ပိုက်ဆံ လာပို့လိမ့်မယ်။ အဲဒီပိုက်ဆံတွေ ရတော့မှ မင်းကို ငါချေးမယ်။ ရွှေစသုံးရာကို ချေးပါမယ် ငါ့လူရာ။ ဘယ့်နှယ်တုံး သဘောကျရဲ့လား" လို့ ပြောလိုက်သတဲ့။

အဲဒီမှာတင် ချောင်ဇုလည်း ဗိုက်ကလည်း ဆာနေပြန်ဆိုတော့ မြေရှင်ကြီးရဲ့စကားကို မခံမရပ်နိုင်ဖြစ်ပြီး...

"ကဲ... ခင်ဗျား ဟောဒီပုံပြင်ကို နားထောင်စမ်း" ဆိုပြီး 'နွားခြေရာခွက်ထဲက ငါးကြင်း' ပုံပြင်ကို ပြောပြလိုက်ပါသတဲ့။

"မနေ့က ကျွန်တော် လမ်းလျှောက်ပြန်လာတုန်း အော်ခေါ်သံတစ်ခု ကြားလိုက်ရသဗျ။ ဒါနဲ့ ဟိုဟိုဒီဒီလိုက်ကြည့်တော့ နွားခြေရာခွက်တစ်ခုထဲ ရောက်နေတဲ့ ငါးကြင်းတစ်ကောင်ကို တွေ့လိုက်ရပါသတဲ့။ နွေဘက်ဆိုတော့ နွားခြေရာခွက်ထဲမှာ ရေလည်းမရှိဘူးပေါ့ဗျာ။

ဒါနဲ့ ကျွန်တော်က အဲဒီငါးကြင်းကို မေးလိုက်တယ်။ 'မောင်ရင်... အဲဒီနွားခြေရာခွက်ထဲ ဘယ်လိုရောက်နေတာလဲ' လို့။

mgyoe.com

mgyoe.com




ငါးကြင်းက 'ကျုပ်ဇာတိက အရှေ့ပင်လယ်ကပါ။ ကဲဗျာ... တောင် တောင်အီအီတွေ မေးမနေပါနဲ့ နောင်ကြီး ရာ၊ ကျုပ်အသက်ကို ကယ်ဖို့ ရေတစ်ပုံးသာ ခပ်လာပါ တော့' လို့ ပြန်ပြောပါတယ်။

ဒါနဲ့ ကျုပ်က 'ကောင်းပါပြီဗျာ၊ ကောင်းပါပြီဗျာ။ ဂူနဲ့ ယူနိုင်ငံရဲ့ အိမ်ရှေ့ မင်းသားတွေဆီ မကြာမီသွားလည်ဖို့ရှိ တော့ အဲဒီနိုင်ငံတွေဆီ သွားလည်ရင်း အနောက်မြစ်ပြင်က ရေတစ်ပုံးခပ် လာပေးပါ့မယ်' လို့ ပြန်ပြော လိုက် ပါတယ်။

အဲဒီမှာ ကိုရွှေငါးကြင်းက မခံမရပ်ဖြစ်ပြီး...

'ခင်ဗျား... ခင်ဗျားဗျာ...၊ ကျုပ်တို့ငါးဆိုတာ ရေရှိမှ အသက်ရှင် နိုင်တာ။ ကျုပ် အသက်ရှင်ဖို့ ဘာလုပ်ရမှန်းမသိဘူးလား။ ဂူနိုင်ငံတွေ၊ ယူနိုင်ငံတွေ လုပ်မနေနဲ့။ အနောက်မြစ်ပြင်တွေ၊ အရှေ့မြစ်ပြင်တွေ ပြော မနေနဲ့။ ဘယ်မှာလဲ ရေတစ်ပုံး၊ ရေတော့ခပ်မလာဘဲ ကတိတွေသာ လျှောက်ပေးနေတယ်။ ရေမရလို့ မကြာခင် ကျုပ်သေပြီး ငါးစိမ်းသည် ဗန်းထဲရောက်တော့မှာဗျို့' လို့ ကျုပ်ကို ပြန်ပြောပါသဗျ"

ချောင်ဇု

mgyoe.com

mgyoe.com



## သစ်ကြားသီးသုံးလုံးလား၊ လေးလုံးလား

ဆွန်ပြည်နယ်မှာ မျောက်ဆရာကြီးတစ်ယောက် နေထိုင်ပါသတဲ့။ မျောက်ဆရာဆိုတာက မျောက်တွေကို လိမ္မာယဉ်ကျေးအောင် လေ့



mgyoe.com

ကျင့်ပေးပြီး ပြစားတာပေါ့ကွယ်။ မျောက်တွေကို သူ သဘောကျသလို မျောက်တွေကလည်း သူ့ကို ချစ်ခင်သတဲ့ကွယ်။

မျောက်တွေကို သိပ်ချစ်တဲ့ မျောက်ဆရာဟာ မိသားစုအတွက် ထားတဲ့ စားနပ်ရိက္ခာတွေကို မျောက်တွေကို ခွဲဝေကျွေးပါသတဲ့။ တစ်နေ့မှာတော့ မျောက်ဆရာကြီးရဲ့အိမ်မှာ စားနပ်ရိက္ခာ သိပ်မကျန်တော့ဘူးတဲ့ကွယ်။ ဒါ့ကြောင့် မျောက်တွေကို အရင်လို အစားအစာ ပေါပေါများများ မကျွေးနိုင်ကြောင်း အသိပေးရမှာကို စိတ်မကောင်းဖြစ်နေပါသတဲ့။ အစားအစာ မလုံလောက်တော့ မဖြတ်လို့လည်း မဖြစ်ဘူးလေ။ သူ ဖြတ်တာကို မျောက်တွေ သဘောမကျမှာစိုးလို့ မျောက်ဆရာက လှည့်ဖြားဖို့ လုပ်ပါသတဲ့။

မျောက်ဆရာ ။ ။ မင်းတို့အတွက် သစ်ကြားသီးသုံးလုံး ပေးမယ်။ အဲဒါက မနက်အတွက်၊ ညနေကို လေးလုံးပေးမယ်၊ အဲဒါလောက်ရဲ့လား။

မျောက်များ ။ ။ ဒေါသထွက်ကာ ကွိကွိကွကွလုပ်ကြ။

မျောက်ဆရာ ။ ။ ဒါဆိုရင် မနက်ကို သစ်ကြားသီးသုံးလုံးယူပြီး ညနေကို သစ်ကြားသီး လေးလုံးယူ ကြ။

မျောက်များ ။ ။ ကျေနပ်ဟန်ဖြင့် ငြိမ်သွားကြ။

လိုင်ဇု

mgyoe.com

mgyoe.com


# သံသယ

လူတစ်ယောက် ပုဆိန်ပျောက်သွားပါသတဲ့။ အိမ်နီးချင်းရဲ့သား က ဒီပုဆိန်ကို ခိုးသွားတာလို့ သူ သံသယရှိပါသတဲ့။ ဒါနဲ့ အဲဒီကောင် လေး သွားလာလှုပ်ရှားတာကို မျက်ခြည်မပြတ် စောင့်ကြည့်နေပါသတဲ့။ သူခိုးပုံပန်းပါပဲ။ ကောင်လေးရဲ့ မျက်နှာအနေအထားကို စောင့်ကြည့်နေ ပါသတဲ့။ သူခိုးမျက်နှာပုံပန်းပါပဲ။ ကောင်လေးပြောတာဆိုတာကို လိုက် ကြည့်ပါသတဲ့။ သူခိုးပြောသလိုပါပဲ။ ဒါနဲ့ ဒီလူဟာ တထစ်ချ ယုံကြည် လိုက်ပါသတဲ့။ ဒီကောင်လေးဟာ ငါ့ပုဆိန်ခိုးတာပဲလို့။

တစ်နေ့ကျတော့ သူ့တဲထောင့်မှာ ပုဆိန်ကို ပြန်တွေ့လိုက်ရပါ သတဲ့။ သူပျောက်သွားတဲ့ ပုဆိန်လေ။ အထားမှားနေတာပါ။ အဲဒီလို ပုဆိန်ကိုလည်းပြန်တွေ့လိုက်ရရော အိမ်နီးချင်းသားရဲ့ရုပ်ဟာ သူခိုးရုပ်၊ ပြောတာဆိုတာဟာ သူခိုးပြောပုံဆိုပုံ၊ ပုံပန်းသဏ္ဍာန်ပြုမူပုံကလည်း တကယ့်ကို သူခိုးပုံပန်းအစစ်ဆိုတဲ့ သူ့စိတ်ထဲမှာ ထင်မြင်နေတာတွေဟာ လုံးဝပျောက်ကွယ်သွားပါသတဲ့။

လိုင်ဇု

mgyoe.com

mgyoe.com




## သစ်ခြောက်ပင်ကို ခုတ်လှဲခြင်း

လူတစ်ယောက်ရဲ့ခြံထဲမှာ သစ်ခြောက်ပင်အိုတစ်ပင် ရှိပါသတဲ့။

အဲဒီလူရဲ့ အိမ်နီးချင်း အဘိုးအိုက "မောင်ရင့်ခြံထဲမှာ သစ်ခြောက်ပင်ကြီး ဒီအတိုင်းထားထားတာ ကျက်သရေမရှိဘူး။ ကံဆိုးမိုးမှောင်ကျတတ်တယ်" လို့ ပြောပါသတဲ့။ ဒီမှာတင် အဲဒီလူဟာ သစ်ခြောက်ပင်ကြီးကို လှဲပစ်ပါသတဲ့။

သစ်ခြောက်ပင်ကိုလည်း လှဲပြီးရော အိမ်နီးချင်းအဘိုးအိုက "ထင်းအဖြစ်သုံးဖို့ သစ်ခြောက်နည်းနည်းပေးပါဗျာ" လို့ တောင်းသတဲ့။

ဒီမှာတင် ခြံရှင်က "ဒီအဘိုးကြီးဟာ ထင်းလိုချင်လို့ သစ်ခြောက်ပင်ရှိရင် ကံမကောင်းဘူးလေး ဘာလေး ပြောတာပဲ။ တို့ဟာ အိမ်နီးချင်းတွေဖြစ်လျက်နဲ့ ကလိမ်ကျလေခြင်း" လို့ တွေးမိပါသတဲ့။

လိုင်စု

mgyoe.com


mgyoe.com


# တစ်နေ့တစ်လံ တောင်တွေ ဘယ်ပြေးမလဲ

တရုတ်ပြည်မှာရှိတဲ့ တိုင်ဟမ်နဲ့ ဝမ်ဝူဆိုတဲ့ တောင်တန်းတွေဟာ မိုင်ပေါင်းများစွာရှည်လျားပြီး ပေပေါင်းများစွာမြင့်သတဲ့။

အဲဒီတောင်တန်းကြီးတွေရဲ့ မြောက်ဘက်မှာ အသက် ၉၀ နီးပါး အရွယ်ရှိတဲ့ အဘိုးအိုတစ်ယောက် နေထိုင်ပါသတဲ့ကွယ်။ အဲဒီအဘိုးအိုရဲ့ အိမ်ဟာ အဲဒီတောင်တန်းကြီးတွေရဲ့ခြေရင်းမှာ တည်ရှိတာကြောင့် ဟိုဟို ဒီဒီသွားမယ်ကြံရင် တောင်တန်းကြီးတွေကို ကွေ့ပတ်သွားလို့မရဘဲ လက်မှိုင်ချခဲ့ရတဲ့ အကြိမ်ပေါင်းတော်တော်လေးများခဲ့ပြီပေါ့ ကလေးတို့ရေ။

ဒီလိုကွေ့ပတ်လည်းသွားလို့မရ၊ ကျော်ပြီးသွားဖို့ကျတော့လည်း တောင်ကြီးတွေက မြင့်နဲ့ တော်တော်လေး စိတ်ထဲ မကျေမနပ်ဖြစ်နေတဲ့



mgyoe.com

mgyoe.com

အဘိုးအိုဟာ တစ်နေ့မှာတော့ မိသားစု စုံညီခေါ်လိုက်ပြီး ဒီကိစ္စကို တိုင်ပင်လိုက်ပါသတဲ့။

"တို့အားလုံး စုစုစည်းစည်း ညီညီညွတ်ညွတ်နဲ့ ကြိုးစားကြရင် တောင်ကြီးတွေကို ဖြိုနိုင်မယ်မဟုတ်ဘူးလား" လို့ အဘိုးအိုက ပြောလိုက်သတဲ့။

"တောင်ကြီးတွေကိုဖြိုပြီးရင် တောင်ဘက်ကို လမ်းဖောက်လိုက်၊ ဒါဆို ဟန်မြစ်နားရောက်သွားပြီပေါ့ကွ" လို့လည်း ရှင်းပြပါသတဲ့။

မိသားစုဝင်တွေအားလုံးက သဘောတူညီလိုက်ကြပါသတဲ့။

ဒါပေမဲ့ အဘိုးကြီးရဲ့ ဇနီးဖြစ်သူကတော့ သံသယရှိနေပါသတဲ့ကွယ်။

"ရှင့်မှာ တောင်လေးတစ်လုံးကိုတောင် ဖြိုနိုင်တဲ့အင်အားရှိလို့လား၊ ပြောစမ်းပါဦး" လို့ အဘွားကြီးက အဘိုးကြီးကို မေးလိုက်သတဲ့။

"တောင်နှစ်လုံးကို ဘယ်လိုဖြိုမှာလဲ၊ တောင်ဖြိုရာက ထွက်လာတဲ့ မြေကြီးတွေ၊ ကျောက်စိုင်ကျောက်သားတွေကို ဘယ်နေရာမှာ စွန့်ပစ်မှာလဲ" လို့လည်း ပြောလိုက်ပြန်သတဲ့။

အဘိုးအိုက "အဲဒီမြေစာတွေကို ပင်လယ်ထဲ ဖို့ပစ်မှာပေါ့ကွ" လို့ ခပ်တင်းတင်းပြန်ဖြေလိုက်ပါသတဲ့။

အဘိုးအိုရယ်၊ သူ့သားရယ်၊ မြေးရယ်ဟာ ပေါက်ပြားတွေ၊ ခြင်းတွေ၊ တောင်းတွေယူပြီး တောင်ဖြိုဖို့ ထွက်သွားကြပါသတဲ့။ တောင်ဖြိုရာက ထွက်လာတဲ့ မြေစာတွေ၊ ကျောက်တုံးတွေကို ခြင်းတွေ၊ တောင်းတွေနဲ့ သယ်ပြီး ပင်လယ်ထဲ စွန့်ပစ်ကြသတဲ့။ အဘိုးအိုရဲ့ အိမ်နီးချင်း ချင်ဆိုတဲ့ မုဆိုးမလေးတစ်ယောက်မှာ ခုနစ်နှစ်၊ ရှစ်နှစ်အရွယ် သားလေးတစ်ယောက် ရှိပါသတဲ့။ အဲဒီသားလေးကလည်း အဘိုးအိုတို့နဲ့အတူ တောင်ဖြိုရာကို လိုက်ပါသတဲ့။ တစ်ခါတစ်ခါ တောင်ဖြိုဖို့သွားရင် လပေါင်းများစွာ ကြာပါသတဲ့။

မြစ်ကမ်းနံဘေးမှာနေထိုင်တဲ့ လူတစ်ယောက်က အဘိုးအိုတို့ လူသိုက် တောင်သွားသွားဖြိုနေတာကို တွေ့ရတော့ တားပါသတဲ့။ မဖြစ်နိုင်ဘူးပေါ့ကွယ်။

အဲဒီလူက "အဘိုးကြီး... ခင်ဗျားတို့ တော်ရုံတန်ရုံ ရူးကြပါ။

mgyoe.com

mgyoe.com


ခင်ဗျားဆို အသက်လည်းကြီး၊ အားလည်းနည်းနေပြီ။ အဲဒီတောင်ကြီးရဲ့ တစ်စိတ်တစ်ပိုင်းကိုတောင် ခင်ဗျားဖြိုနိုင်မှာမဟုတ်တာ တောင်ကြီးနှစ်ခု စလုံးကို ဘယ်လို ခင်ဗျားဖြိုနိုင်မှာလဲ။ မြေကြီးတွေ၊ ကျောက်ခဲတွေကို ဘယ်လို ရှင်းထုတ်နိုင်မှာလဲ။ ကြံကြီးစည်ရာဗျာ" လို့ ပြောသတဲ့။

အသက် ၉၀ နားနီးနေတဲ့ အဘိုးအိုက အဲဒီလူပြောတဲ့စကားကို နားထောင်ပြီး သက်ပြင်းချလိုက်ပါသတဲ့။

ပြီးတော့မှ "မင်းဟာ ဘယ်လောက်တောင် ထုံထိုင်းနားဝေးလိုက်ပါ သလဲ။ တကယ့်ကို ထုံတဲ့လူပါ" လို့ ပြောလိုက်သတဲ့။

"ဟောဒီမှာ ငါနဲ့ပါလာတဲ့ မုဆိုးမရဲ့ လူမမည်သားလေးလောက် တောင် မစဉ်းစားတတ်ဘူး။ ဒီတောင်ကြီး တူးရင်း ငါသေရင် ငါ့သားတွေ ဆက်တူးမယ်၊ ငါ့သားတွေ သေကုန်ရင် ငါ့သားတွေရဲ့သားတွေ (ငါ့မြေး တွေ) ဆက်တူးမယ်။ မျိုးဆက်တစ်ခုပြီးတစ်ခု ဆက်တူးသွားမှာပေါ့ကွ။ တောင်တွေဆိုတာ ထပ်ကြီးပြီး ထပ်မြင့်လာတယ်လို့ ရှိမှမရှိဘဲ။ ငါတို့ ဘာလို့ မဖြိုနိုင်ရမှာလဲ" လို့ ပြောလိုက်ပါသတဲ့။

အဘိုးကြီးစကား ကြားရတော့ မြစ်ကမ်းနံဘေးနေတဲ့လူ ဘာမှ မပြောနိုင်ဘဲ ငြိမ်သွားပါသတဲ့။

လိုင်ဇု

mgyoe.com

mgyoe.com


# လေထဲမှာ တိုက်အိမ်ဆောက်သူ

တရုတ်နိုင်ငံ ဆွန်ပြည်နယ်မှာနေတဲ့လူတစ်ယောက်ဟာ လမ်းလျှောက်သွားရင်း ပိုင်ဆိုင်မှုစာချုပ်တစ်ခု ကောက်ရပါသတဲ့။ အဲဒီစာချုပ်ကို အိမ်ယူသွားပြီး တစ်နေရာမှာ ဝှက်ထားကာ အချိန်ရရင် ရသလို ပြန်ပြန်ကြည့်ပါသတဲ့။ စာချုပ်ထဲမှာပါတဲ့ ပိုင်ဆိုင်မှုစာရင်းကို ဘယ်သူမှ မသိအောင် ခိုးကြောင်ခိုးဝှက်ကြည့်ကာ ကျေနပ်နေပါသတဲ့။

ပြီးတော့မှ "ကျုပ်တော့ သူဌေးဖြစ်တော့မှာဗျ" လို့ အိမ်နီးချင်းကို ကြွားလိုက်ပါသတဲ့။



လိုင်ဗု

mgyoe.com

mgyoe.com




## ရွှေကလွဲလို့ ဘာကိုမှမမြင်

မြို့လေးတစ်ခုမှာနေထိုင်တဲ့ လူတစ်ယောက်ဟာ ရွှေဆွဲကြိုးဆွဲချင်တဲ့စိတ် ဖြစ်လာသတဲ့။ ဒါနဲ့ အဲဒီလူဟာ သူ့ကိုယ်သူ ကျကျနနဝတ်စားဆင်ယင်ပြီး ဈေးကို သွားပါသတဲ့။ ဈေးကိုရောက်တော့ ရွှေဆိုင်တန်းဘက်ကို လျှောက်ပြီး နီးတဲ့ ရွှေဆိုင်တစ်ဆိုင်က ရွှေဆွဲကြိုးကို ဆတ်ခနဲ ဆွဲယူလိုက်သတဲ့။

ရဲက မိတာပေါ့ကွယ်။ ဗြောင်ကြီးလုပ်တာကိုး။ ဒါနဲ့ ရဲက မေးပါသတဲ့။

"လူတွေအများကြီးရှေ့မှာ ဘာ့ကြောင့် ရွှေဆွဲကြိုးအလစ်သုတ်တာလဲ"

အဲဒီလူက "ကျွန်တော့်မျက်စိထဲ ရွှေဆွဲကြိုးကလွဲလို့ ဘာကိုမှ မမြင်တော့လို့ပါ" လို့ ပြန်ဖြေလိုက်ပါသတဲ့။

လိုင်ဇု

mgyoe.com

mgyoe.com

# ချိုးငှက်များ လက်ဆောင်ပေးခြင်း

တရုတ်နိုင်ငံ ဟန်တန်ပြည်နယ်မှာ နှစ်သစ်ကူးအချိန်ကျရင် ချိုးငှက်တွေ ဖမ်းကြပါသတဲ့။ ဘာဖြစ်လို့ နှစ်သစ်ကူးချိန်ကျမှ ချိုးငှက် ဖမ်းရသလဲ ဆိုရင် အဲဒီပြည်နယ်ကိုအုပ်ချုပ်တဲ့ မင်းသားကို လက်ဆောင်အဖြစ် ဆက်သဖို့ပေါ့။

ဟန်ပြည်နယ်ကိုအုပ်ချုပ်တဲ့ မင်းသားဟာ သူ့ကို ချိုးငှက်လက်ဆောင်ပေးတဲ့သူကို ဆုတွေအများကြီး ချီးမြှင့်ပါသတဲ့။

ဒါနဲ့ မင်းသားရဲ့မိတ်ဆွေတစ်ယောက်က မေးပါသတဲ့။

ဘာဖြစ်လို့ ချိုးငှက်တွေဖမ်းပြီး လာဆက်သတဲ့လူတွေကို ဆုတွေအများကြီးပေးရပါသလဲပေါ့။

မင်းသားက အခုလို ပြန်ဖြေပါသတဲ့။

"သူတို့လာဆက်တဲ့ ချိုးငှက်တွေကို နှစ်သစ်ကူးမှာ အချုပ်အနှောင်က လွှတ်ပြခြင်းက ကျုပ်ရဲ့ အကြင်နာတရားကို ပြချင်လို့ပေါ့"

မိတ်ဆွေက...

"အရှင်မင်းသားက နှစ်သစ်ကူးမှာ ချိုးငှက်တွေကို လွှတ်ပြချင်တော့ ခင်ဗျား ပြည်နယ်သူ ပြည်နယ်သားတွေက ချိုးငှက်တွေကို လိုက်ဖမ်းရတာပေါ့။ အဲဒီမှာ သေကြ ကျေကြရတဲ့ ချိုးငှက်တွေအများကြီးပဲ။ အရှင်

mgyoe.com

mgyoe.com


မင်းသားအနေနဲ့ ချိုးငှက်တွေအပေါ်မှာ အကြင်နာတရားပြချင်တယ်ဆိုရင် ခင်ဗျားရဲ့ ပြည်နယ်သူ ပြည်နယ်သားတွေကို ချိုးငှက်တွေ မဖမ်းရလို့ အမိန့်ထုတ်ရမှာပေါ့" လို့ ရှင်းပြလိုက်ပါသတဲ့။

"ခင်ဗျားက ဖမ်းလာတဲ့ ချိုးငှက်တွေကို ပြန်လွှတ်ပြပြီး အကြင်နာတရားပြချင်တာဆိုရင် ဖမ်းတုန်းမှာ သေကြ ကျေကြရတဲ့ ချိုးငှက်တွေအတွက် ဘယ်မှာလဲ အကြင်နာတရား၊ မဟုတ်သေးပါဘူးဗျာ" လို့လည်း ဆိုလိုက်သတဲ့။

မိတ်ဆွေရဲ့ ရှင်းပြမှုကို ကြားရတော့ မင်းသားလည်း သဘောပေါက်သွားပြီး ချိုးငှက်တွေကို မဖမ်းဖို့ အမိန့်ထုတ်လိုက်ပါသတဲ့။

လိုင်ဇု



mgyoe.com

mgyoe.com

# လမ်းတွေက အများကြီး

ပညာရှိ ယန်ဇူရဲ့ အိမ်နီးချင်းတစ်ယောက်မှာ သိုးတစ်အုပ်ရှိပါသတဲ့။ တစ်နေ့မှာ အဲဒီသိုးအုပ်ထဲက သိုးတစ်ကောင် ပျောက်သွားပါသတဲ့။ သိုးပိုင်ရှင်လည်း သူ့တပည့်တွေကို ပျောက်နေတဲ့သိုးကို လိုက်ရှာခိုင်းတာပေါ့။



mgyoe.com

mgyoe.com

အဲဒီသိုးပျောက်ရှာသူတွေနဲ့အတူ ယန်ဇူရဲ့ တပည့်တစ်ယောက်လည်း လိုက်သွားပြီး ကူညီရှာပေးပါသတဲ့။

လူတွေအများကြီး သိုးပျောက်ရှာဖို့ ထွက်သွားတာတွေ့တော့ ယန်ဇူက "အဲဒီလောက်လူတွေ လိုလို့လား" လို့ မေးပါသတဲ့။

အိမ်နီးချင်းက "လမ်းတွေအများကြီးမှာ လိုက်ရှာရမှာ" လို့ ပြန်ဖြေပါသတဲ့။

သူ့ရဲ့တပည့်ပြန်လာတော့ ယန်ဇူက ...

"မင်း သိုးကို တွေ့ခဲ့လား" လို့ မေးပါသတဲ့။

တပည့်က... "ဆရာရယ်... လမ်းတွေကအများကြီး၊ ဒီသိုးက ဘယ်လမ်းက ထွက်သွားတာမှန်းမှ မသိရဘဲ။ အဲဒီတော့ ကျွန်တော်တို့လည်း ဘယ်လမ်းကို လိုက်ရမှန်းမသိဘူး။ ဒါ့ကြောင့် စိတ်ပန်းလူပန်းဖြစ်ပြီး ပြန်လာကြတာပေါ့" လို့ ပြန်ဖြေသတဲ့။

တပည့်ရဲ့ ဒီစကားလည်းကြားလိုက်ရော ယန်ဇူဟာ အတွေး နယ်ချဲ့တဲ့ပုံနဲ့ ငူငူကြီးထိုင်နေပါသတဲ့။ မရယ်မပြုံးနဲ့ တိတ်တိတ်ဆိတ်ဆိတ်ကြီးကို ထိုင်နေတာပါတဲ့။

တပည့်တွေလည်း အံ့အားသင့်နေကြတာပေါ့ကွယ်။ သူတို့အချင်းချင်းလည်း...

"တို့ဆရာ ဘာဖြစ်သွားတာပါလိမ့်၊ မရယ်မပြုံးနဲ့။ သိုးတစ်ကောင်ပျောက်တယ်ဆိုတာ ဘာမှလည်း မဖြစ်လောက်ပါဘူး။ ပြီးတော့ ကိုယ့်သိုးလည်း ဟုတ်မှမဟုတ်ဘဲ။ ဘာ့ကြောင့် စကားမပြော ဘာမပြောနဲ့ မပြုံးနိုင် မရယ်နိုင် ဖြစ်သွားပါလိမ့်" လို့ ပြောမိကြသတဲ့။

ပညာရှိ ယန်ဇူကတော့ ဘာမှပြန်မပြောဘဲ ငြိမ်ငြိမ်ကြီးထိုင်ကာသာ အတွေးနယ်ချဲ့နေပါသတဲ့။ တပည့်တွေလည်း အသိရခက်နေတာပေါ့ကွယ်။

အဲဒီမှာ ယန်ဇူရဲ့တပည့် မင်ဆန်ယန်က နောက်ထပ်ပညာရှိတစ်ဦးဖြစ်တဲ့ ချင်တုဇူကို သူ့ဆရာ ဘယ်လိုဖြစ်သွားတာလဲ သွားမေးပါသတဲ့။

ဆရာကြီးချင်တုဇူက...

"လမ်းတွေအများကြီးရှိနေတော့ ပျောက်တဲ့သိုး ဘယ်လမ်းက ထွက်
mgyoe.com